Helping our Helpers

ဤအဖွဲ့အစည်း၏ လှူမှုအစီအစဉ်-

Parkway Laboratories

နိုင်ငံခြားသား အိမ်အကူများအတွက် အခမဲ့ သားအိမ်ခေါင်းကင်ဆာ စစ်ဆေးပေးမှုများ

ဆေးစစ်မှုသည် အကန့်အသတ်ရှိပါသည်၊ ဦးရာလူစနစ်နှင့် လုပ်ဆောင်ပေးပါသည်

သားအိမ်ခေါင်းကင်ဆာ အထွေထွေ အမေးများသောမေးခွန်းများ

Helping our Helpers အစီအစဉ်သည် မည်သည်နည်း။

Helping our Helpers အစီအစဉ်သည် စင်္ကာပူနိုင်ငံရှိ နိုင်ငံခြားသား အိမ်အကူများအတွက် သားအိမ်ခေါင်းကင်ဆာ စစ်ဆေးမှုကို အခမဲ့ ကမ်းလှမ်းပေးအပ်သော အစီအစဉ်တစ်ခုဖြစ်သည်။

သားအိမ်ခေါင်းကင်ဆာသည် ဖိလစ်ပိုင်နိုင်ငံတွင် တတိယအကြီးဆုံး အသက်ဆုံးရှုံးစသေော ကင်ဆာဖြစ်ပြီးအင်ဒိုနီးရှား၊ အိန္ဒိယနှင့် မြန်မာနိုင်ငံတို့တွင် ဒုတိယအကြီးဆုံး အသက်ဆုံးရှုံးစသေော ကင်ဆာလည်းဖြစ်သည်။[1]
ပညာရေးတွင် ကွာဟမှုများကို ဖြည့်ပေးခြင်းနှင့် ဆေးစစ်မှုများ ခံယူနိုင်စခေြင်းဖြင့် သားအိမ်ခေါင်းကင်ဆာဖြစ်ပွားမှုများကို လျှော့ချပြီးအမျိုးသမီးများအနေဖြင့် မိသားစုနှင့် လူ့အဖွဲ့အစည်းအတွင်း အကျိုးရှိသော ဘဝများကို ဦးဆောင်နိုင်စရေန် ကျွန်ုပ်တို့ မျှော်လင့်ပါသည်။

Helping our Helpers အစီအစဉ်သည် အသက် 30 မှ 69 နှစ်အရွယ်ရှိ အမျိုးသမီးအယောက် 500 အတွက် ရယေုန်ဗိုင်းရပ်စ်ပိုး (human papillomavirus, HPV) DNA စစ်ဆေးမှုများကို အသုံးပြု၍ သားအိမ်ခေါင်းကင်ဆာ စစ်ဆေးမှုကို အခမဲ့ ပံ့ပိုးပေးပါသည်။

ဆေးစစ်မှုသည် အကန့်အသတ်ရှိပါသည်၊ ဦးရာလူစနစ်နှင့် လုပ်ဆောင်ပေးပါသည်။

သားအိမ်ခေါင်းကင်ဆာဆိုတာ ဘာလဲ။

သားအိမ်ခေါင်းကင်ဆာသည် သားအိမ်အောက်ပိုင်းဖြစ်သည့် သားအိမ်ခေါင်းတွင် စတင်ဖြစ်ပွားသော ကင်ဆာအမျိုးအစားဖြစ်ပြီးသန်းပေါင်းများစွာသော ဆဲလ်များဖြင့် ပြုလုပ်ထားပါသည်။ အဆိုပါဆဲလ်များတွင် ပြောင်းလဲမှုများ ဖြစ်ပေါ်နိုင်ပြီးမကုသဘဲထားပါက သားအိမ်ခေါင်းကင်ဆာအဖြစ်သို့ အသွင်ပြောင်းသွားနိုင်ပါသည်။ ကမ္ဘာအနှံ့တွင် သားအိမ်ခေါင်းကင်ဆာသည် အမျိုးသမီးများတွင် စတုတ္ထအဖြစ်အများဆုံးသော ကင်ဆာအမျိုးအစားဖြစ်သည်။[2]

ကင်ဆာမဖြစ်မီအဆင့်သည် မည်သည်နည်း။

ကင်ဆာမဖြစ်မီအဆင့်သည် သားအိမ်ခေါင်းကင်ဆာ မဖြစ်မီ သားအိမ်ခေါင်းတွင် အပြောင်းအလဲများ စတင်ပေါ်လာသောအဆင့်ဖြစ်သည်။ စောစီးစွာ ရောဂါရှာဖွေတွေ့ရှိမှုနှင့် သင့်လျော်သော ကုသမှုဖြင့် ကင်ဆာမဖြစ်မီအဆင့်အများစုကို သားအိမ်ခေါင်းကင်ဆာအဖြစ် အသွင်ပြောင်းခြင်းမှ တားဆီးနိုင်ပါသည်။[3]

သားအိမ်ခေါင်းကင်ဆာကို မည်သည့်အရာက ဖြစ်စေပါသလဲ။

သားအိမ်ခေါင်းကင်ဆာဖြစ်ပွားမှု 99% ကျော်သည် HPV ပိုးကူးစက်မှုကြောင့်ဖြစ်သည်။[4] HPV ပိုးကူးစက်မှုသည် အလွန်အဖြစ်များပါသည်။ အမှန်တွင် အမျိုးသမီး 5 ဦးအနက် 4 ဦးသည် ၎င်းတို့၏ ဘဝတစ်ချိန်တစ်ခါတွင် ထိုပိုးကူးစက်ခံရပါသည်။[5] HPV ပိုးအမျိုးအစားပေါင်း 100 ကျော်ရှိပါသည်၊ ယင်းတို့အနက် သားအိမ်ခေါင်းကင်ဆာဖြစ်စေနိုင်သော အန္တရာယ်များစွာရှိသည်ဟု မှတ်ယူသော ပိုးမျိုးကွဲပေါင်း 14 မျိုးရှိပါသည်။[6,7] ထိုအန္တရာယ်များသော အမျိုးအစား 14 မျိုးအနက် HPV 16 နှင့် 18 သည် သားအိမ်ခေါင်းကင်ဆာအားလုံး၏ 70% ကို ဖြစ်စေပါသည်။[8]

HPV ပိုး ဘယ်လိုကူးစက်ခံရပါသလဲ။

လိင်ဆက်ဆံမှုရှိဖူးသော မည်သူမဆိုသည် HPV ပိုး ကူးစက်ခံရနိုင်ပါသည်- သင့်တွင် လိင်ဆက်ဆံဖက်တစ်ဦးသာရှိဖူးလျှင်ပင် သို့မဟုတ် ကွန်ဒုံးများ သုံးလျှင်ပင် ကူးစက်ခံရနိုင်သည်။ HPV သည် ခန္ဓာကိုယ်အတွင်းတွင် သားအိမ်ခေါင်းကင်ဆာမဖြစ်မီအဆင့် ဖြစ်ပေါ်လာပြီး ပို၍မဆိုးရွားလာခင်အထိ ရောဂါလက္ခဏာများ1 မပြဘဲ 10 နှစ်အထက် နေနိုင်ပါသောကြောင့် သင်နောက်ဆုံးလိင်ဆက်ဆံခဲ့သည့်အချိန်မှာ နှစ်ပေါင်းများစွာကပြီဖြစ်လျှင်ပင် သင့်တွင် ဗိုင်းရပ်စ်ပိုးရှိနိုင်ပါသည်။

အန္တရာယ်များသော HPV ပိုးကို စစ်ဆေးခြင်းသည် အဘယ်ကြောင့် အရေးကြီးရသနည်း။

HPV ပိုးသည် သားအိမ်ခေါင်းကင်ဆာကို အများဆုံးဖြစ်စေသော အဓိကအကြောင်းရင်းဖြစ်ပြီး ဖြစ်ပွားမှုအားလုံး၏ 99% အတွက် တာဝန်ရှိပါသည်။4 သို့ရာတွင် HPV ပိုးကူးစက်မှုများသည် များသောအားဖြင့် ရောဂါလက္ခဏာ မပြသသောကြောင့် အမျိုးသမီးတစ်ဦးတွင် ဗိုင်းရပ်စ်ပိုးရှိမရှိ သိနိုင်သော တစ်ခုတည်းသောနည်းလမ်းမှာ ဆေးစစ်ခြင်းဖြစ်သည်။

အန္တရာယ်များသော HPV ပိုးကို စစ်ဆေးခြင်းသည် ဆရာဝန်ကို လူနာတစ်ဦးသည် သားအိမ်ခေါင်းတွင် ကင်ဆာအသွင်ပြောင်းလာနိုင်သည့် အပြောင်းအလဲများဖြစ်နိုင်သည့် အန္တရာယ်ရှိမရှိ သိနိုင်စပေါသည်။

HPV အတွက် ဘယ်သူတွေက အစစ်ဆေးခံသင့်လဲ။

လိင်ဆက်ဆံမှုရှိဖူးသော အသက် 30 မှ 69 နှစ်အရွယ်ရှိ အမျိုးသမီးများသည် HPV အတွက် စစ်ဆေးမှုခံယူသင့်ပါသည်။ ဗိုင်းရပ်စ်ပိုးသည် အများအားဖြင့် ရောဂါလက္ခဏာများ မပြသောကြောင့် အမျိုးသမီးတစ်ဦးအနေဖြင့် HPV အတွက် စစ်ဆေးမှုမခံယူပါက ၎င်းတွင် ပိုးရှိကြောင်း သိနိုင်ခြေနည်းမည်။

HPV ပိုးရှိမရှိ စစ်ဆေးခြင်းသည် အမျိုးသမီးများကို သားအိမ်ခေါင်းကင်ဆာ ဖြစ်လာနိုင်သည့် ၎င်းတို့၏အန္တရာယ်ကို သိရှိခွင့်ပြုပြီး၎င်းတို့၏ ဆရာဝန်များကို အဆိုပါရောဂါဖွံ့ဖြိုးလာခြင်းကို စီမံထိန်းချုပ်မှုနှင့် တားဆီးမှုအား လုပ်နိုင်စပေါသည်။ ကင်ဆာမဖြစ်မီအဆင့်တွင် သားအိမ်ခေါင်းကင်ဆာကို စောစီးစွာ ရှာဖွေတွေ့ရှိခြင်းသည် ပိုမိုထိရောက်မှုရှိသော ကုသမှုကို ခံယူစနေိုင်ပြီးအသက်များကို ကယ်တင်နိုင်စပေါသည်။

HPV ပိုးစစ်ဆေးမှုကို မည်သို့လုပ်ဆောင်သနည်း။

HPV ပိုးစစ်ဆေးမှုသည် သားအိမ်ခေါင်းအချွဲမှုကြေးစစ်ဆေးခြင်းနှင့်တူညီသော နည်းလမ်းအတိုင်း လုပ်ဆောင်သော ရိုးရှင်းသည့် စစ်ဆေးမှုတစ်ခုဖြစ်သည်။ HPV ပိုးရှိမရှိ စစ်ဆေးမှုကို ယဘေုယျအားဖြင့် အထွေထွေဆရာဝန် သို့မဟုတ် မီးယပ်အထူးကုဆရာဝန်က လုပ်ဆောင်ပေးပါသည်။

ကျွန်ုပ်တွင် HPV ပိုးရှိကြောင်း အဖြေထွက်ပါက ကျွန်ုပ်တွင် သားအိမ်ခေါင်းကင်ဆာရှိကြောင်း ဆိုလိုပါသလား။

HPV ပိုးရှိကြောင်း အဖြေထွက်ခြင်းသည် သင့်တွင် သားအိမ်ခေါင်းကင်ဆာ ရာနှုန်းပြည့်ရှိကြောင်း ဆိုလိုခြင်းမဟုတ်သည်ကို နားလည်ရန် အရေးကြီးပါသည်၊ သို့ရာတွင် ၎င်းသည် သင့်တွင် ထိုရောဂါဖြစ်လာနိုင်သည့်အန္တရာယ် မြင့်မားစွာရှိကြောင်း ဆိုလိုပါသည်။[9]

ကျွန်ုပ်တွင် HPV ပိုးရှိကြောင်း အဖြေထွက်ပါက ကျွန်ုပ်ဘာလုပ်သင့်သနည်း။

ကျန်းမာရေးပြုစုစောင့်ရှောက်မှုဆိုင်ရာ ပညာရှင်တစ်ဦးသည် နောက်အဆင့်များကို အကြံပြုပေးပါလိမ့်မည်။ နောက်ထပ်စုံစမ်းစစ်ဆေးမှုကို လိုအပ်ကောင်းလိုအပ်နိုင်ပါသည်။

ကျွန်ုပ်တွင် HPV ပိုးမရှိကြောင်း အဖြေထွက်ခြင်းသည် ဘာကို ဆိုလိုပါသနည်း။

သင့်တွင် HPV ပိုးမရှိကြောင်း အဖြေထွက်ပါက သင့်တွင် သားအိမ်ခေါင်းကင်ဆာဖြစ်နိုင်ခြေ အန္တရာယ်နည်းပါးကြောင်း ဆိုလိုပါသည်။[4,9]

အန္တရာယ်များသော HPV ပိုးကို စစ်ဆေးပြီးနောက် ပိုးမရှိကြောင်းအဖြေထွက်ခြင်းသည် သင့်တွင် နောင် 5 နှစ်အတွင်း သားအိမ်ခေါင်းကင်ဆာဖြစ်နိုင်ခြေ အလွန်နည်းပါးကြောင်း ဆိုလိုပါသည်။[10]

ဆေးစစ်ချက်ရလဒ်များကို မည်သူထံ အသိပေးမည်နည်း။

ရလဒ်များကို ပုဂ္ဂိုလ်ရေးလုံခြုံမှုရှိစွာနှင့် လျှို့ဝှက်စွာ ထားရှိပေးပါမည်။

HPV ပိုးရှိကြောင်း အဖြေထွက်ပြီးနောက် နောက်ထပ်ဆေးကုသမှုကို အကြံပြုပါက အဆိုပါအိမ်အကူသည် ၎င်း၏ အလုပ်ရှင်နှင့် ဆွေးနွေးရန် အရေးကြီးပါသည်။ အလုပ်ရှင်များသည် ဆေးရုံတွင် ပြုလုပ်သည့် နောက်ဆက်တွဲ ရက်ချိန်းများနှင့်ဆက်စပ်သော ကုန်ကျစရိတ်မည်သည်မဆိုအတွက် အကူအညီ (သို့) အာမခံအကာအကွယ် ပေးအပ်နိုင်ပါသည်။

အကိုးအကားများ- 1. ကမ္ဘာ့ကျန်းမာရေးအဖွဲ့။ https://gco.iarc.fr/today/en/fact-sheets-populations#countries မှ 2024 ခုနှစ် ဧပြီလ 17 ရက်နေ့တွင် ရယူခဲ့သော လူဦးရေဆိုင်ရာ အချက်အလက်များ **2.** ကမ္ဘာ့ကျန်းမာရေးအဖွဲ့။ ရယေုန်ဗိုင်းရပ်စ်ပိုးတစ်မျိုး (Human papillomavirus, HPV) နှင့် သားအိမ်ခေါင်းကင်ဆာ။ ဤတွင် ဖတ်ရှုနိုင်သည်- https://www.who.int/news-room/fact-sheets/detail/cervical-cancer[last accessed Apr, 2024]. **3.** ရောဂါထိန်းချုပ်ရေးနှင့် တားဆီးရေး စင်တာများ။ သားအိမ်ခေါင်းကင်ဆာ၊ www.cdc.gov. http://www.cdc.gov/cancer/cervical/pdf/cervical_facts.pdf မှ 2024 ခုနှစ် ဧပြီလ 17 ရက်နေ့တွင် ရယူခဲ့သည် **4.** Wright TC Jr, Stoler MH, Sharma A, et al. အန္တရာယ်များသော HFV ဆိုက်တိုလိုဂျီ ပိုးမရှိကြောင်း ရလဒ်များထွက်သည့် အမျိုးသမီးများ၏ ကနဦးစိစစ်မှုအတွက် HPV-16 နှင့် HFV-18 ဂျီနိုတိုက် လုပ်ဆောင်ခြင်း၏ စိစစ်အကဲဖြတ်ချက်။ Am J Clin Pathol.2011;136:578-586. **5.** ရောဂါထိန်းချုပ်ရေးနှင့် တားဆီးရေး စင်တာများ။ HPV နှင့် ကင်ဆာအကြောင်း အခြေခံအချက်အလက်များ။ ဤတွင် ဖတ်ရှုနိုင်သည်- http://www.cdc.gov/cancer/hpv/basic_info/ [last accessed Apr, 2024]. **6.** Kari P Braaten, M. (2008). ရယေုန်ဗိုင်းရပ်စ်ပိုးတစ်မျိုး (Human papillomavirus, HPV)၊ HPV ဆိုင်ရာ ရောဂါနှင့် HPV ကာကွယ်ဆေး။ သားဖွားမီးယပ်ပညာရှိ ပြန်လည်သုံးသပ်ချက်များ၊ [အွန်လိုင်း] 1 (1), p.2. ဤတွင်ဖတ်ရှုနိုင်သည်- http://www.ncbi.nlm.nih.gov/pmc/articles/PMC2492590/ [နောက်ဆုံးဝင်ရောက်ဖတ်ရှုချိန် March, 2016]. **7.** de Sanjose S, Quint WG, Alemany L, et al. ခန္ဓာကိုယ်အတွင်း ထိုးထွင်းဝင်ရောက်သော သားအိမ်ခေါင်းကင်ဆာကို ရယေုန်ဗိုင်းရပ်စ်ပိုး ဂျီနိုတိုက်ဖ်က ဖြစ်စေမှု- အပိုင်းကဏ္ဍများစွာ နောက်ကြောင်းပြန် ကမ္ဘာအနှံ့လေ့လာမှု။ Lancet Oncol 2010; 11:1048-1056. **8.** Schiffman M, Castle PE, Jeronimo J, Rodriguez AC, Wacholder S. ရယေုန်ဗိုင်းရပ်စ်ပိုးတစ်မျိုးနှင့် သားအိမ်ခေါင်းကင်ဆာ။ Lancet 2007; 370(9590):890–907. **9.** သစြတြေးလျ ကင်ဆာကောင်စီ။ ကျွန်ုပ်၏ ဆေးစစ်ချက်ရလဒ်သည် ဘာကို ဆိုလိုပါသနည်း။ https://www.cancer.org.au/cervicalscreening/i-am-over-25/what-does-my-test-result-mean မှ 2024 ခုနှစ် ဧပြီလ 18 ရက်နေ့တွင် ရယူခဲ့သည် **10.** HPV အခြေပြုသားအိမ်ခေါင်း စစ်ဆေးမှုအတွက် နည်းဗျူဟာအသစ်များ၊ အမျိုးသမီးကျန်းမာရေး (Lond Engl). 2013 Sep; 9(5): 10.2217/whe.13.48. doi: 10.2217/whe.13.48 https://www.ncbi.nlm.nih.gov/pmc/articles/PMC3880859/

ဤအဖွဲ့အစည်းများဖြင့် လက်တွဲထားသည်-

Bethesda MEDICAL

KK Women's and Children's Hospital
SingHealth

The Society for Colposcopy and Cervical Pathology of Singapore

IGCS INTERNATIONAL GYNECOLOGIC CANCER SOCIETY

Roche

REF: MC-SG-00329, JUN/2024